ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၅၈)**

နေ့စွဲ – ၁၉. ၁၂. ၁၀

## တရားဒေသနာ ဟောပြောခြင်းအပေါ် တုံ့ပြန်မှုအမျိုးမျိုးအကြောင်း
## Differing Reactions to the Preaching

==၃–ထိုအခါ ဥပမာစကားများတို့ကို မြွက်ဆိုတော်မူသည်မှာ – မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကိုကြဲခြင်းငှါ ထွက်သွား၏။ ၄–အစေ့ကိုကြဲသည်တွင်၊ အချို့သောအစေ့တို့သည် လမ်းကျသဖြင့် ငှက်တို့သည် လာကောက်စားကြ ၏။ ၅– အချို့သောအစေ့တို့သည် မြေနည်း၍ကျောက်ပေါ်များသောအရပ်ကျသဖြင့်၊ မြေတိမ်သောကြောင့်ချက်ချင်း အပင်ပေါက်သော်လည်း၊ ၆–နေထွက်သောအခါ ပူလောင်သည်ဖြစ်၍ အမြစ်မစွဲသောကြောင့် ညှိုးနွမ်းပျက်စီးခြင်းသို့ ရောက်ကြ၏။ ၇– အချို့သောအစေ့တို့သည်ဆူးပင်တို့တွင်ကျရောက်သဖြင့်၊ ဆူးပင်တို့သည်ကြီးပွား၍ညှင်းဆဲကြ၏။ ၈– အချို့သောအစေ့ တို့သည်ကောင်းသောမြေကျသဖြင့်၊ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတရာ ပွားများ၍ အသီးသီးကြ၏။ ၉– ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ ဟုမိန့်တော်မူ၏။++ (မဿဲ–၁၃း၃–၉)

==၁၈–မျိုးစေ့ကြဲသောသူ၏ဥပမာအနက်အဓိပ္ပါယ်ကို နားထောင်ကြလော့။ ၁၉– လမ်းအစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ နိုင်ငံတော်၏တရားစကားကိုကြား၍နှလုံးမသွင်းသည်ရှိသော်၊ နတ်ဆိုးလာ၍နှလုံးကြဲသောအစေ့ကိုနှုတ်ယူတတ်သည်ဟုဆိုလိုသတည်း။ ၂၀–ကျောက်ပေါ်သောအရပ်အစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ ဝမ်းမြောက်သောစိတ်နှင့်ချက်ချင်းခံယူသော်လည်း၊ ၂၁–စိတ်နှလုံးအမြစ်မစွဲခဏသာတည်သဖြင့်၊ တရားစကားကြောင့် အမှုအခင်းနှင့်ညှင်းဆဲခြင်းကိုခံရသောအခါ ချက်ချင်းဖေါက်ပြန်တတ်သည်ဟုဆိုလိုသတည်း။ ၂၂–ဆူးပင်တို့တွင်အစေ့ကို ကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍ လောကီအမှုစိုးရိမ်ခြင်းနှင့် စည်းစိမ်ဥစ္စာ၏လှည့်စားခြင်းသည် တရားစကားကိုလွှမ်းမိုးညှင်းဆဲတတ်သောကြောင့် အသီးမသီးနိုင်ဟုဆိုလိုသတည်း။ ၂၃–ကောင်းသောမြေအစေ့ကိုကြဲခြင်းအကြောင်းအရာကား၊ တရားစကားကိုကြား၍နှလုံးသွင်းသဖြင့်၊ အဆသုံးဆယ်၊ အဆခြောက်ဆယ်၊ အဆတရာပွါးများ၍ အသီးသီးတတ်သည်ဟုဆိုလိုသတည်း ဟုမိန့်တော်မူ၏။++ (မဿဲ–၁၃း၁၈–၂၃)

**မိတ်ဆက်စကား**

ကျွန်တော်တို့သခင်ဘုရား၏ ပုံဥမာများကို အုပ်စုသုံးစုခွဲခြားနိုင်ပါသည်။ ပထမအုပ်စုကို ရှင်မဿဲခရစ်ဝင်ကျမ်းအခန်းကြီး(၁၃)တွင်တွေ့နိုင်ပြီး စုစုပေါင်း(၇)ခုရှိသည်။ ဤပုံဥမာများကို သခင်ဘုရား၏ ဒုတိယအကြိမ်ဂါလိလဲခရီးစဉ်အတွင်းတွင် ဟောပြောခဲ့ခြင်းဖြစ်နိုင်ပါသည်။ ဤပုံဥမာများ၏ အဓိကဆိုလိုရင်းအကြောင်းအရာမှာ ဤလောကတွင် ပေါ်ထွန်းလာမည့် ကောင်းကင်နိုင်ငံတော်၏သဘောသဘာဝအကြောင်းပင်ဖြစ်သည်။ ဤပုံဥမာများတွင် ကောင်းကင်နိုင်ငံတော်၏ဂုဏ်အင်္ဂါများအကြောင်း သရုပ်ဖေါ်ဟောပြောချက်များပါဝင်နေပါသည်။

ဤပုံဥမာသည် သခင်ယေရှုကိုယ်တိုင်အဓိပ္ပါယ်ရှင်းပြခဲ့သည့် ပုံဥပမာ၂ခုထဲမှ တခုဖြစ်သည်။ ဤသို့ပြုလုပ်လိုက်ခြင်းဖြင့်ကောင်းကင်နိုင်ငံတော်၏လျှို့ဝှက်ချက်များကို ပုံဥမာများမှတဆင့်စူးစမ်းရှာဖွေသည့်အခါတွင် ကျွန်တော်တို့ လိုက်နာရမည့်ဥပဒေသများကို သခင်ယေရှုက ကျွန်တော်တို့အတွက် ချမှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ သခင်ဘုရားက ဤဥပဒေသများကိုပေးအပ်ရာတွင် ==သမ္မာကျမ်းစာအနက်ဖွင့်နည်း++ စာအုပ်များတွင်ရေးသားထားသလိုမျိုး ပေးအပ်ခြင်းမဟုတ်ပါ။ သခင်ဘုရားက ဤပုံဥပမာကို သူ၏တပည့်တော်များနှင့် ကျွန်တော်တို့အတွက် အဓိပ္ပါယ်ရှင်းပြပေးရင်းနှင့် ဥပဒေသများကို ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော်တို့လိုက်နာမည့်ဥပဒေသများသည် ထိုအဓိပ္ပါယ်ရှင်းပြခြင်းထဲတွင် ပါရှိနေပြီးသားဖြစ်ပြီး ကျွန်တော်တို့က တွေ့အောင်ရှာဖို့ အရေးကြီးပါသည်။ ဤမျိုးကြဲသူ ပုံဥပမာတွင်အဓိကအချက်မှာ တရားဒေသနာဟောပြောခြင်းကို ကြားနာရသူများ၏ အသက်တာနှင့် စိတ်နှလုံးတို့မှ ထွက်ပေါ်လာသော တုံ့ပြန်မှုအမျိုးမျိုး အကြောင်းပင်ဖြစ်သည်။

ဤမျိုးကြဲသူပုံဥပမာကို သခင်ဘုရားက အဓိပ္ပါယ်ရှင်းပြပေးထားသောအရာများကို အနီးကပ်၍စူးစမ်းကြည့်ပါက၊– အခြေခံအားဖြင့်– ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို လက်ခံပြီး အသီးအပွင့် သီးပွင့်လာသူနှင့်၊ ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ငြင်းပယ်ပြီး အသီးမသီးသောသူ – ဟူသော တုံ့ပြန်မှု(၂)မျိုးသာ ရှိနိုင်ကြောင်း

တွေ့ရသည်။ ကြားနာရသူများ အသီးသီးခြင်း မသီးခြင်းမှာ သူတို့စိတ်နှလုံး၏ အခြေအနေများအပေါ် တည်မှီနေသည်။ မြေအမျိုးအစားကိုကြည့်လျှင်လဲ အခြေခံအားဖြင့် ကောင်းသောမြေနှင့်ဆိုးသောမြေဟူ၍(၂)မျိုးသာရှိနေမည်။ ဆိုးသောမြေထဲတွင်မှ– မာကြောသောမြေ၊ ကျောက်သားမြေ၊ ပေါင်းပင်ထူထပ်သောမြေ–ဟူ၍၄င်း၊ ကောင်းသောမြေ ထဲတွင်မှ– အဆ၁၀၀၊ အဆ၆၀၊ အဆ၃၀ အသီးသီး သောမြေ–ဟူ၍၄င်း၊ ထပ်မံခွဲခြား၍ရနိုင်ပါသည်။

ယေဘုယျအားဖြင့်ပြောရလျှင်တော့ ဆိုးသောမြေဆိုသည်မှာ သခင်ယေရှု၏ ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းကို မခံစားရသော ကြားနာသူများကို ဆိုလိုခြင်းဖြစ်၍၊ ကောင်းသောမြေဆိုသည်မှာ သန့်ရှင်းသောဝိညာဉ်တော် ၏ အချုပ်အချာအာဏာပိုင်စိုးစွာဖြင့် စိတ်နှလုံးများကို အသစ်ပြုပြင်ပေးခြင်း ခံစားရသော ကြားနာသူများကို ဆိုလို ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏လူများသည် အသက်တာပြောင်းလဲပေးခြင်းနှင့် အသစ်ပြုပြင်ပေးခြင်းကို ခံစားကြရ ပြီးဖြစ်သော်လဲ တခါတရံမှာ ဆိုးသောမြေကြားနာသူများဟု ကျွန်တော်တို့ခေါ်ကြသူများ၏ အမှတ်လက္ခဏာများကို သူတို့အသက်တာများထဲတွင် ပေါ်ပြနေတတ်ကြပါသည်။ ဤသို့ဖြစ်ရခြင်းမှာ သူတို့၏အသက်တာထဲတွင် အမိုက် မှောင်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်နေကြခြင်းကြောင့်ဖြစ်သည်။ ဤအကြောင်းကြောင့်ပင်လျှင် ကောင်းသောမြေကြားနာသူများ၏ သီးနှံထွက်နှုန်းများ ကွဲပြားနေရခြင်းဖြစ်သည်။

အထက်ပါအချက်များအားလုံးက ဤမျိုးကြဲသူပုံဥပမာကို အလွန်လက်တွေ့ကျသောပုံဥပမာတခုဖြစ်သွားစေသည်။ ==ကြားစရာနားရှိသောသူမည်သည်ကားကြားပါစေ++–ဟူသော သခင်ဘုရား၏ နိဂုံးချုပ်သတိပေးဆုံးမစကား သည် အလွန်အရေးပါသော သတိပေးဆုံးမစကားဖြစ်လာခဲ့ပါသည်။

ထို့ကြောင့် ကောင်းသောမြေကြားနာသူများနှင့်ဆိုးသောမြေကြားနာသူများကို ကျွန်တော်တို့ခွဲခြားလိုပါလျှင်– မြေမာနှင့်မြေပျော့ ကြားနာသူများ၊ ကျောက်သားမြေနှင့်မြေသားနားဆင်သူများ၊ ဆူးမြေနှင့်ရှင်းလင်းသောမြေနားဆင်သူများ–ဟူ၍နှိုင်းယှဉ်ဆွေးနွေးကြရန်အသင့်တော်ဆုံးဖြစ်နိုင်ပါသည်။ သို့သော် ပထမဆုံးအနေနှင့်–မျိုးကြဲသူ၊ မျိုးစေ့နှင့် လယ်မြေတို့၏အစိပ္ပါယ်များကို ကျွန်တော်တို့လေ့လာကြပါမည်။

မျိုးကြဲသူ၊ မျိုးစေ့နှင့်လယ်မြေ

မျိုးစေ့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ပင်ဖြစ်ကြောင်း သခင်ယေရှုကိုယ်တော်တိုင် ပြောကြားခဲ့ပါသည်။ အသင်းတော်က သူမထံသို့ အပ်နှင်းထားသော သာသနာတော်ကို ထမ်းရွက်ခြင်းဖြစ်သည့် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းအဖြစ် နှုတ်ကပတ်တော်ကို ဟောပြောလိုက်ခြင်းအားဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်လာပါသည်။

ဤဘုရားသခင်၏နှုတ်ကပတ်တော်မျိုးစေ့သည် အသက်ရှင်သောမျိုးစေ့ဖြစ်သည်။ မျိုးစေ့တိုင်း၏အထဲတွင် အသက်၏ဥပဒေသများ ပါရှိပြီးသားဖြစ်သည်။ သို့သော် ထိုမျိုးစေ့သည် သူ့အတွက် ပြုပြင်ထားပြီးသော မြေထဲသို့ စိုက်ပျိုးလိုက်ခြင်း မပြုသေးသ၍–အသက်ရှင်သန်ခြင်း၊ ကြီးထွားခြင်း၊ အသီးသီးခြင်းတို့ ရှိမလာနိုင်ပါ။ ဘုရားသခင် ၏နှုတ်ကပတ်တော်သည် အသက်ရှင်၍တန်ခိုးနှင့်ပြည့်ဝသည်၊ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကိုယ်တော်တိုင် ၏နှုတ်ထွက်စကားဖြစ်၍ပင်တည်း။ ဤနှုတ်ကပတ်တော်ကို အသင်းတော်ထဲမှ ဘုရားသခင်ခန့်အပ်ထားသော အမှု တော်ဆောင်များထံမှ တဆင့်ခံအဖြစ်ရရှိသည် ဟူသောအချက်ကလဲ ဤအရေးကြီးသောအမှန်တရားကို မပြောင်းလဲ စေနိုင်ပါ။

ဤအကြောင်းကြောင့်ပင်ပုံဥပမာထဲမှမျိုးကြဲသူသည် ခရစ်တော်ကိုယ်တိုင်ဖြစ်နေရခြင်းဖြစ်သည်။ ထိုနှုတ်ကပတ်တော် ဟောပြောလိုက်သူသည် လူသားပင်ဖြစ်နေပါစေ အမှန်တကယ် ဟောပြောသူသည် သခင်ယေရှု ကိုယ်တော်တိုင်က သူ၏အမှုတော်အတွက် ဟောပြောလိုက်ခြင်းသာဖြစ်ပါသည်။ ထိုသတင်းကောင်း စကားလုံးများသည် သူတို့ကိုယ်နှိုက်တွင် ဘာတန်ခိုးမျှမရှိပါ။ ခရစ်တော်ကိုယ်တိုင် သူ၏အစေခံများမှတဆင့် ဟောပြောနေခြင်းနှင့် သူ့လူများ၏ နှလုံးသားများထဲသို့ ထိုနှုတ်ကပတ်တော်ကို ယူဆောင်လာပေးသည့် သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ဆောင်ခြင်းတို့မှတဆင့် တန်ခိုးရှိနေခြင်း ဖြစ်သည်။

ဤအမှန်တရားကိုပင် သခင်ယေရှုက ဖါရိရှဲများထံသို့ ခြားနားသော ပုံဥပမာအားဖြင့် ထပ်မံပြောပြခဲ့သေးသည်။ (ယော၁၀း၂–၄၊ ၁၆)

သခင်ယေရှုကိုယ်တော်တိုင် နှုတ်ကပတ်တော် ဟောပြောရုံမျှသာမကပါ၊ ဘယ်နေရာမှာ ထိုနှုတ်ကပတ်တော် ဟောပြောရမလဲဆိုသည်ကိုလဲ သူကိုယ်တိုင်ဆုံးဖြတ်ပေးပါသည်။ လယ်သမားကသူ့မျိုးစေ့ကြဲရမည့်နေရာကို

ရွေးချယ်ဆုံးဖြတ်သည့်အတိုင်းပင်ဖြစ်ပါသည်။ တမန်တော်ကြီးများက သတင်းကောင်းကို ပိုမိုကျယ်ပြန့်စွာ ဟောပြောရန် စတင်လုပ်ဆောင်ကြချိန်မှာလဲ ဤအချက် မှန်ကန်ကြောင်း တွေ့ရပါသည်။ (တမန်၈း၂၆၊ ၁၀း၁၉–၂၀၊ ၁၆း၆–၁၀)။ ဤအခြေခံဥပဒေသကို ရီပေါမ်အသင်းတော်ခံယူယုံကြည်ချက်များထဲမှ ဒေ့တ်စံနှုန်းများ၏စာပိုဒ်တခုထဲတွင်– ==ဤကတိတော်ကို–––ဘုရားသခင်က သူ၏စိတ်သဘောတွေ့သည့်အတိုင်း ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ပေးအပ်ခြင်းခံရသူတိုင်းထံသို့ ခွဲခြားခြင်း၊ ရွေးချယ်ခြင်းမပြုဘဲ နိုင်ငံတကာရှိ လူတယောက်ချင်းစီသို့ ဟောပြောခြင်း၊ ပုံနှိပ်ဖြန့်ချိပေးခြင်း ပြုရပါမည်++–ဟူ၍ထဲ့သွင်းထားကြောင်း တွေ့ရှိရပါသည်။

ယေဘုယျသဘောအားဖြင့် လယ်မြေသည် ဤလောကကြီးပင်ဖြစ်သည်။ သတင်းကောင်း ဟောပြောခြင်းသည် ယနေ့မျက်မှောက်လောကကြီးထဲတွင်ဖြစ်သည်။ ဆိုလိုသည်မှာ လူ့သမိုင်းတလျှောက်တွင် ကောင်းကင်နိုင်ငံတော် ထင်ရှားပြသခြင်းနှင့်သက်ဆိုင်သော ရှုထောင့်မှနေ၍ လယ်မြေသည် ဤလောကကြီးပင် ဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဝမ်းမြောက်ဘွယ်ရာ သတင်းကောင်းနှုတ်ကပတ်တော်သည် လူ့သမိုင်းတလျှောက်တွင်ရှိခဲ့သော ပဋိညာဉ်မျိုးဆက်များထံသို့ ဟောပြောခဲ့သောကြောင့်ဖြစ်သည်။ ထို့အတူ ပဋိညာဉ်မျိုး ဆက်ထဲတွင် ပေါက်ဖွားလာကြသူအားလုံး တယောက်မကျန် ရွေးကောက်ခြင်းခံရသော မျိုးစေ့မဟုတ်ကြကြောင်း သမ္မာကျမ်းစာအားဖြင့် သိကြရသည်။ ပဋိညာဉ်မျိုးဆက်များထဲတွင် ယာကုပ်များရှိကြသကဲ့သို့ ဧသောများလဲ ရှိနေကြသည်။ ထို့အတူပင် အသင်းတော်၏ မဟာအမှုတော်နှင့် သက်ဆိုင်သော ရှုထောင့်မှနေ၍ လယ်မြေသည်ဤလောကကြီးပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ခရစ်တော်ကိုယ်တိုင်က ==သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့++ (မာ၁၆း၁၅)–ဟူ၍မိန့်ကြားခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ပို၍အတိအကျပြောရလျှင် လယ်မြေသည် ဧဝံဂေလိတရားဟောပြောခြင်းကို ကြားနာခဲ့ရသူတို့၏ နှလုံးသားများကို ဆိုလိုခြင်းဖြစ်သည်။ သူတို့သည် တရားဒေသနာဟောပြောခြင်းကို ကြားခွင့်ရပြီး ဘာအကြောင်းပြောနေမှန်းလဲ သိလိုက်ကြသည်။ ထိုဟောပြောခြင်းမျိုးစေ့သည် သူတို့စိတ်နှလုံးထဲသို့ဝင်ရောက်သွားသည်။ နှုတ်ကပတ်တော်ဟောပြောခြင်းသည် ရွေးကောက်ခြင်းခံရသောသူတို့အတွက်သာသီးသန့်မဟုတ်ပါ။ ဘုရားသခင်က ဆိုးညစ်သောသူများကိုလဲ တရားဒေသနာကြားစေချင်ပါသည်။ နှုတ်ကပတ်တော်သည် အကောင်းအဆိုး မခွဲခြားဘဲ လူအားလုံးထံသို့ ပျံ့နှံ့သွားစေဖို့ ဘုရားသခင်အလိုတော်ရှိပါသည်။

ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်ကို တရားဒေသနာဟောပြောခြင်းအားဖြင့် အမြဲတမ်း အစိုးရစွာ ပြည့်စုံစေကြောင်း သမ္မာကျမ်းစာအားဖြင့် ကျွန်တော်တို့သိရပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏နှုတ်ကပတ်တော်သည် သူ့ထံသို့ အချည်းနှီးအကျိုးမဲ့ ပြန်မသွားသောကြောင့်ဖြစ်သည်။ သို့သော် ဤမျိုးကြဲသူပုံဥပမာ၏ အဓိက အာရုံစိုက်လိုသောအကြောင်းအရာသည် ဤအရာနှင့် အနည်းငယ်ခြားနားသောကြောင့် အဓိကအကြောင်းအရာကို ပြန်သွားပါမည်။ လူ့စိတ်နှလုံးဆိုသည်မှာ ကျိုးကြောင်းဆင်ခြင်တတ်သော၊ ကိုယ်ကျင့်တရားရှိသောသတ္တဝါ၏ စိတ်နှလုံးပင်ဖြစ်သည်။ ထိုသို့ ကျိုးကြောင်းဆင်ခြင်တတ်သော၊ ကိုယ်ကျင့်တရားရှိသောသတ္တဝါအနေနှင့် လူသားသည်သူ၏အပြုအမူအားလုံးအတွက် ဘုရားသခင်၏ရှေ့မှာ တာဝန်ယူရမည်ဖြစ်သည်။ ထို့အတူ တရားဒေသနာဟောပြောခြင်းအပေါ် သူ၏တုံ့ပြန်ပုံအတွက်လဲ သူဘဲတာဝန်ယူရမည်ဖြစ်သည်။ ဤကိစ္စအတွက် ရှင်းလင်းချက်ပေးကို ပေးရမည်ဖြစ်သည်။ တရားဒေသနာဟောပြောခြင်းကို ကြားခွင့်ရပြီးသောသူသည် ကြားခွင့်မရသောသူများထက်ပို၍ ကြီးမားသောတာဝန်ဝတ္တရားရှိနေပါသည်။ အဘယ့်ကြောင့်ဆိုသော် တရားစီရင်ရာနေ့တွင် တုရုနှင့်ဇိဒုန်မြို့တို့သည် ခေါရာဇိန်နှင့်ဘာသရှေဗမြို့တို့ထက် ပို၍သည်းခံနိုင်ဘွယ်ရှိသောကြောင့်ပင်တည်း။

နှုတ်ကပတ်တော်မျိုးစေ့သည် ဝိညာဉ်တော်၏အမှုတော်ဆောင်ခြင်း အရင်ဆုံးခံစားရပြီးသော နှလုံးသားပိုင်ရှင်များထံတွင်သာ အသီးသီးနိုင်မည်ဖြစ်သည်။ အခေါင်းထဲမှာ လဲလျောင်းနေသော လူသေအလောင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အသံအကျယ်ဆုံး ဟောပြောခြင်းခံနေရလျှင်သော်မှ အကျိုးအမြတ်တစုံတရာရနိုင်လိမ့်မည်မဟုတ်ပါ။ အပြစ်အမျိုးမျိုး လွန်ကျူးသောကြောင့် ဝိညာဉ်ရေးအရ သေဆုံးနေသူတဦးသည်လဲ ခရစ်တော်၏ ဝိညာဉ်တော်က သူ၏စိတ် နှလုံးကို အသစ်ပြုပြင်ပေးခြင်း အရင်ဆုံး မခံစားရသေးဘဲနှင့် နိုင်ငံတော်နှင့်ယှဉ်သော ဧဝံဂေလိတရားကို ကြားသော်လဲ နားမလည်နိုင်၊ အသီးလဲမသီးနိုင်ပါ။ ထိုသူကို အမှောင်ထဲမှ အလင်းထဲသို့ ဆွဲထုတ်လာရန်၊ ကြားနိုင်စွမ်းသော နားများကိုပေးရန်၊ ဝိညာဉ်ရေးအရ သေဆုံးနေရာမှ ပြန်ရှင်လာစေရန်–ထိုဝိညာဉ်တော်က သူ့အထဲသို့ အရင်ဆုံး ဝင်ရောက်ကိန်းဝပ်နေရန် လိုအပ်ပါသည်။ ထိုအခါကျမှသာ သူ၏နှလုံးသားလယ်မြေသည် မျိုးစေ့ကြဲဖို့ အသင့်ပြင်ပြီးသား ဖြစ်သွားပေမည်။ ==လောကီသားများသည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ဆိုင်သောအရာများကို လက်မခံနိုင်ကြ၊ အဘယ့်ကြောင့်ဆိုသော် ထိုအရာများသည် သူတို့အတွက် ရူးသွပ်မိုက်မဲမှု သက်

သက်သာဖြစ်နေသည်။ သူတို့နားလဲမလည်နိုင်ကြပါ။ အဘယ့်ကြောင့်ဆိုသော် ထိုအရာများသည် ဝိညာဉ်အားဖြင့် သာနားလည်နိုင်သောအရာများ ဖြစ်၍ပင်တည်း။ ++(၁ကော ၂း၁၄)

ဘုရားသခင်၏လူများသည်လဲ ဆိုးသောမြေကြားနာသူများ၏အမှတ်လက္ခဏာများကို အကြိမ်များစွာ ပေါ်ပြနေတတ်ကြပါသည်။ ထိုသူတို့သည်လဲ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူကြပုံအပေါ်တွင် သူတို့ကိုယ်သူတို့ တာဝန်ယူကြရမည်ဖြစ်သည်။ အမှန်ဆိုလျှင် သခင်ယေရှုက ဤပုံဥပမာကို ဘုရားသခင်၏လူများထံသို့ ဟောပြောနေခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးတွင် သခင်ယေရှုက == ကြားပါစေ ++ ဟု ပြောခြင်းခံရသူများသည် ကြားစရာနားရှိပြီးသောသူများသာ ဖြစ်ကြပါသည်။

မြေမာနှင့်မြေပျော့ကြားနာသူများ

ဤကြားနာသူများသည် လယ်မြေ၏ ဘေးပတ်ဝန်းကျင် မြေသားများနှင့် ပုံစံတူကြပါသည်။ ရှင်မာကုနှင့် ရှင်လုကာ ခရစ်ဝင်ကျမ်းများ၌ ဤပုံဥပမာကို သခင်ဘုရားက အစီပွါယ်ရှင်းပြပေးသည့်အခါတွင်–ထိုသူတို့သည် နှုတ်ကပတ်တော်ကို ကောင်းစွာကြားနာခဲ့ကြရသော်လဲ စာတန်မာရ်နတ်က ထိုနှုတ်ကပတ်တော်ကို သူတို့ထံမှ ပြန်နှုတ်ယူသွားခြင်း ခံကြရသူများကို ပုံဆောင်ထားခြင်းဖြစ်သည်ဟု ရှင်းပြခဲ့ပါသည်။ ရှင်မဿဲခရစ်ဝင်ကျမ်းထဲတွင် သူတို့သည် နိုင်ငံတော်အကြောင်း နှုတ်ကပတ်တော်ကိုကြားနာခဲ့ရသော်လဲ နားမလည်နိုင်ခဲ့ကြကြောင်း ထပ်ဖြည့်ပြောပြထားပါသည်။

ဤပုံဥပမာကိုကြည့်လျှင် မြေမာကြားနာသူအမျိုးအစားသည် နိုင်ငံတော်နှင့်ယှဉ်သောနှုတ်ကပတ်တော်ကို ခံယူနိုင်ဖို့ရန် နှလုံးသားကို ပြင်ဆင်ပေးခြင်း မခံစားရသေးဘဲနှင့် တရားဒေသနာ ဟောပြောခြင်းကို ကြားနာခဲ့ရသူများဖြစ်ကြောင်း တွေ့ရသည်။ သူသည် တရားဒေသနာဟောပြောခြင်းကို ကောင်းစွာနားထောင်ခွင့်ရခဲ့သည်။ ဘာအကြောင်းအရာတွေ ဟောပြောနေသလဲဆိုသည်ကိုလဲ သူသိနေခဲ့သည်ဟု အသေအချာပြောနိုင်ပါသည်။ သို့သော်လဲ ကျမ်းပိုဒ်ထဲတွင် ထိုသူသည် တရားဒေသနာဟောပြောခြင်းကို နားမလည်ပါဟုဖြည့်စွက်ပြောပြထားသည်။ ဤနေရာတွင် ထောက်ပြစရာတချက်မှာ သူတို့သည် ဤတရားဒေသနာကိုကြားနာခဲ့ရချိန်တွင် သဘာဝရှုထောင့်အမြင်အားဖြင့် နားလည်ခဲ့ကြသည်မှာ သေချာပါသည်။ ဤနေရာတွင်ပြဿနာဖြစ်နေသည်မှာ–တရားဟောသူတို့က ထိုသူများနားလည်နိုင်စွမ်းမရှိသော အသုံးအနှုန်းများကိုသုံး၍ ဟောပြောနေခြင်းကြောင့် (သို့) ထိုသူတို့အတွက် နက်နဲလွန်းသောတရားဒေသနာ ဖြစ်နေသောကြောင့်–မဟုတ်ပါ။ အကယ်၍ဤအချက်သည် အရင်းခံပြဿနာဟုဆိုခဲ့လျှင် တရားဟောသူ(သို့) တရားဒေသနာကို အပြစ်ဖို့ရမလို ဖြစ်နေပါလိမ့်မည်။ သို့သော် သခင်ယေရှုကိုယ်တော်တိုင်က ကြားနာသူများသည် တရားဒေသနာအပေါ် တုံ့ပြန်မှုအားလုံးအတွက် သူတို့ကိုယ်သူတို့တာဝန်ခံကြရလိမ့်မည်ဟု ရှင်းလင်းစွာ ပြောပြထားကြောင်းတွေ့ရပါသည်။

ထို့အတူပင် တရားဒေသနာကို နားလည်နိုင်စွမ်း မရှိခြင်းသည် ဝိညာဉ်သဘော ဖြစ်နေသောကြောင့်လဲ မဟုတ်ပါ။ အထက်မှာပေါ်ပြထားသည့်အတိုင်းပင်ဖြစ်သည်။ အမှန်မတော့ ဤသို့ဖြစ်ရခြင်းသည် ဆိုးသောမြေကြားနာသူများ၏ အပြစ်ဇာတိလက္ခဏာများကြောင့်ဖြစ်သည်။ သခင်ယေရှုက တရားဒေသနာဟောပြောခြင်းကို အစစ်အမှန်စိတ်ဝင်စားခြင်း မရှိသောသူများကို ဦးတည်၍ပြောပြနေခြင်းဖြစ်ကြောင်း သိသာထင်ရှားလှပါသည်။ ထိုသူတို့သည် ယနေ့ကမ္ဘာကြီး၏ အရေးကိစ္စများအပေါ်တွင်သာ စိတ်ဝင်စားနေကြခြင်းဖြစ်သည်။ သူတို့သည် သူတို့၏–အလုပ်အကိုင်များပေါ်တွင်၊ နေ့စဉ်စားသောက်စရာများပေါ်တွင်၊ ထိပ်ဆုံးရောက်နိုင်ရေးပေါ်တွင်၊ လောကီအာရုံကာမဂုဏ်ခံစားနိုင်ရေးတွင်–သာစိတ်ဝင်စားနေကြပြီး နှုတ်ကပတ်တော်ပေါ်တွင်အမှန်တကယ်စိတ်မဝင်စားကြပါ။ ထို့အတူ သူတို့နှုတ်ကပတ်တော်ကို စိတ်မဝင်စားကြခြင်းမှာ သူတို့ထံတွင် ဝိညာဉ်ရေးအရဖြစ်စေ၊ ပုဂ္ဂိုလ်ရေးအရဖြစ်စေ ကောင်းကင်နိုင်ငံတော်အပေါ်တွင် စိတ်ဝင်စားမှု မရှိကြသောကြောင့်ဖြစ်သည်။ သူတို့သည် ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း၏အမှန်တရားများကို စိတ်ဝင်စားမှုမရှိကြပါ။

ထို့ကြောင့်ပင် နှုတ်ကပတ်တော်ဟောပြောလိုက်ပြီးသည်နှင့်တပြိုင်နက်ထဲဆိုသလို ထိုနှုတ်ကပတ်တော်ကို စာတန်မာရ်နတ်က အမြန်ဆုံးလာရောက်ဖယ်ရှားပစ်လိုက်တော့သည်။ ထိုနှုတ်ကပတ်တော်ကို ဖယ်ရှားပစ်လိုက်သောအမှုကြောင့် စာတန်မာရ်နတ်ကိုအပြစ်အားလုံးပုံချလိုက်ခြင်းအားဖြင့် ကြားနာရသူများ၏တာဝန်ရှိမှုကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် သခင်ယေရှုမကြံရွယ်ပါ။ ကြားနာရသူများသည် သူတို့၏နှလုံးအိမ်ထဲသို့ စာတန်မာရ်နတ် ကျူးကျော်ဝင်ရောက်ပြီး နှုတ်ကပတ်တော်ကိုဖယ်ရှားပစ်ခွင့်ပေးသောကြောင့် ဘုရားသခင်ရှေ့မှာတာဝန်ရှိနေကြပါသည်။ ထို့အတူ သူတို့သည် ဘုရားသခင်၏အရာများပေါ်တွင် စိတ်မဝင်စားကြဘဲ လောကီအရာများပေါ်တွင်သာ စိတ်ဝင်

စားနေကြသောအမှုအတွက်လဲ ဘုရားသခင်ရှေ့မှာတာဝန်ရှိနေကြပါသည်။ ဤစိတ်သဘောထားများကြောင့်ပင် စာတန်မာရ်နတ်သည် သူတို့နှလုံးအိမ်ထဲသို့ အလွယ်တကူဝင်နိုင်ထွက်နိုင်ဖြစ်နေပြီး နှုတ်ကပတ်တော် သူတို့အထဲရောက်လာသည်နှင့် တပြိုင်ထဲလောက်နီးနီးဖယ်ရှား ပစ်လိုက်နိုင်ခြင်းဖြစ်သည်။ နှုတ်ကပတ်တော်သည် တကယ်တမ်းပင် သူတို့၏နားတဖက်မှဝင်ပြီးနားတဖက်မှ ပြန်ထွက်သွားပါတော့သည်။

ဤကြားနာသူအမျိုးအစားကို နှုတ်ကပတ်တော်ဟောပြောသော နေရာတိုင်းတွင် တွေ့မြင်နိုင်ပါသည်။ သူတို့သည် ပင်ကိုယ်အားဖြင့် တရားဒေသနာကြားနာရခြင်း၌ ငြီးငွေ့နေသူများဖြစ်ကြသည်။ သူတို့သည် နှုတ်ကပတ်တော်ဟောပြောချိန်(မိနစ်၅၀-၅၅)မျှကိုပင် မနည်းသည်းခံနားထောင်ကြရသူများ ဖြစ်ကြသည်။ ဤသို့ဖြင့် သူတို့၏ တရားဒေသနာ ကြားနာရခြင်း၌ငြီးငွေ့မှုက ထိုနှုတ်ကပတ်တော်ကို လာရောက်ဖယ်ရှားပစ်မည့် နတ်ဆိုးအတွက် ကြီးမားသောအခွင့်အရေးဖြစ်နေတော့သည်။ ဝတ်ပြုပွဲပြီးသည်နှင့် သူတို့ဆီသွားပြီး ကြားနာခဲ့ရသော တရားဒေသနာအကြောင်း မေးကြည့်လျှင် သူတို့ပြန်ပြောပြနိုင်ဖို့ ခက်ခက်ခဲခဲစဉ်းစားကြရကြောင်း တွေ့နိုင်ပါသည်။ ဝတ်ပြုပွဲ အပိတ်သီချင်း သီဆို၍မှမပြီးသေးခင် နှုတ်ကပတ်တော်သည်သူတို့ထံမှ ပျောက်ကွယ်သွားပြီဖြစ်သည်။

သူတို့သည် တရားဒေသနာအပေါ်တွင်-နားမလည်နိုင်အောင်နက်နဲလွန်းသည်၊(သို့) ခံယူချက်တွေများလွန်းသည်၊ ထို့ကြောင့်ပင် သူတို့၏နေ့စဉ်အသက်တာမှာ အသုံးချနိုင်စရာ ဘာမျှမရှိဖြစ်ရသည်- စသဖြင့် ဝေဖန်ရေးလုပ်ဖို့အတွက်တော့ အမြဲတမ်းလျှင်မြန်ကြသည်။ သူတို့၏ဝိညာဉ်ရေးရာစိတ်မဝင်စားခြင်းကို ဖုံးကွယ်ဖို့ရန် ဤကဲ့သို့ ဆင်ခြေတက်တတ်ကြသောကြောင့် သူတို့ကြားနာခဲ့ရသောတရားဒေသနာ၏ အဓိကအကြောင်းအရာကို ပြန်ပြောပြဖို့ရန် မေးမြန်းခြင်း ခံကြရသောအခါ ကျမ်းပိုဒ်တပိုဒ်လောက်ပင် ပြန်မပြောနိုင်ကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဖြော်ဖြေမှုခံစားရရေးကိုသာ စိတ်ပါဝင်စားကြသောကြောင့်ဖြစ်သည်။ ထိုသူတို့သည်သိပ်မကြာမီမှာပင် နှုတ်ကပတ်တော်ကို အသက်ရှင်စွာ ဟောပြောသောအသင်းတော်မှနေ၍ စိတ်ဝင်စားဘွယ်အစီအစဉ်များဖြင့် ဖြော်ဖြေရေးဦးစားပေးသော အသင်းတော်များသို့ ပြောင်းရွှေ့သွားကြလေ့ရှိသည်။

ဤသူတို့မှာ သန့်ရှင်းသောဝိညာဉ်တော်၏ နှလုံးသားများကို ပြုပြင်ပေးခြင်းခံရသောသူတို့နှင့် အတော်လေးကွာခြားလှပေသည်။ သခင်ယေရှုက မျိုးစေ့အချို့သည် ကောင်းသောမြေပေါ်သို့ ကျရောက်သွားကြကြောင်းနှင့် ထိုကောင်းသောမြေထဲမှ အချို့နေရာသည် သူများထက်ပို၍ မြေဩဇာထက်သန်ကြောင်း ပြောပြခဲ့ပါသည်။ အကျိုးရလဒ်မှာ အချို့က အဆတရာ၊ အဆခြောက်ဆယ်နှင့် အဆသုံးဆယ်စသဖြင့်သီးပွင့်လာကြတော့သည်။

(နောက်တပတ်ဆက်ပါမည်)

(The Mysteries of the Kingdom, Prof. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

×××××××××××××××××××××××××××××××××××××××××××××××××××××××××

## ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်အပြစ်ဒုစရိုက်ကိုထိန်းချုပ်ခြင်းအကြောင်း
## (Providence and Restraint of Sin)

ဘုရားသခင်သည် သူ၏စောင်မတော်မူခြင်းဖြင့် ဖြစ်ပျက်သမျှအရာတိုင်းကို ထိန်းချုပ်လမ်းညွှန်ပါသည်။ လူတို့ဘဝများ၏ အသေးစိတ်အကြောင်းအရာအားလုံးသည်ပင် ဘုရားသခင်၏အစိုးရတော်မူသော ထိုထိန်းချုပ်မှုအောက်တွင်သာ ရှိနေပါသည်။ နေဗုခဒ်နေဇာဘုရင်ကြီးက ပြောခဲ့သလိုဖြစ်သည်၊ "ကောင်းကင်ဗိုလ်ခြေတို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော်ရှိသည်အတိုင်း ပြုပြင်တော်မူ၏" (ဒံ ၄း၃၅)။ ထို့ကြောင့် ဘုရားသခင်သည် မိမိ၏စောင်မတော်မူခြင်းနှင့် လူတို့၏ အပြစ်ပြုခြင်းအလုပ်များအားလုံးကိုလည်း ထိန်းချုပ်လမ်းညွှန်တော်မူပါသည်။ ဥပမာ နေဗုခဒ်နေဇာ ဘုရင်ကြီးနှင့် အခြားသူများ၏ဘဝများတွင် ထိုသို့တွေ့နေရပါသည် (၁ရာ ၂း၂၅၊ ၂ရာ ၁၆း၁၀၊ ၂၄း၁၊ ၃ရာ ၂၂း၁၉-၂၂၊ တမန် ၂း၂၃၊ ရောမ ၉း၁၈)။ ထို ဘုရားသခင်၏ အစိုးရတော်မူသော စောင်မတော်မူခြင်းအလုပ်တွင် အပြစ်ဒုစရိုက်ကို ထိန်းချုပ်ခြင်းလည်း ပါဝင်ပါသည်။ ဘုရားသခင်သည် စောင်မတော်မူခြင်းဖြင့် လူတို့၏ ဒုစရိုက်အပြစ်များကို နည်းလမ်းမျိုးစုံမှနေ၍ ထိန်းချုပ်တော်မူပါသည်။

ထိုအပြစ်ဒုစရိုက်အားထိန်းချုပ်ခြင်းအကြောင်းကို ကျမ်းစာက ဥပမာအများ ပေးထားပါသည်။ ကမ္ဘာဦးကျမ်း ၆း၃ သည် ပထမဆုံး ဥပမာဖြစ်ပါသည်။ ထိုနေရာတွင် ဘုရားသခင်သည် လူ၏အသက်ကို တိုစေခြင်းဖြင့် အပြစ်ကို ထိန်းချုပ်ပါသည်။ ဗာဗုလုန်ရဲတိုက် တည်ဆောက်ကြချိန်တွင်လည်း ဘုရားသခင်သည် လူ၏ဘာသာစကားကို မျိုးစုံဖြစ်စေခြင်းဖြင့် အပြစ်ကို ထိန်းချုပ်ပါသည်။ ဘုရားသခင်က တစုံတဦးကို အပြစ်၏လက်သို့ အပ်လိုက်တော်မူသည်ဟု ပြောသောကျမ်းပိုဒ်များကလည်း၊ ပထမပိုင်းတွင်တော့ ထိန်းချုပ်ထားခဲ့ပါသည်ဟု ပြောရာရောက်ပါသည် (ဆာလံ ၈၁း၁၂၊ တမန် ၇း၄၂၊ ရောမ ၁း၂၄-၂၈)။

အချို့က ထိုကျမ်းပိုဒ်များကို ကိုးကားလျက် "အားလုံးနှင့်ဆိုင်သောကျေးဇူးတော်"၏ ဥပမာများဟု ပြောချင်ကြပါသည်။ ထိုသူတို့က ဘုရားသခင်သည် အပြစ်လူသားကို အပြစ်မှထိန်းချုပ်ခြင်းသည် လူတိုင်းတို့အပေါ် ကျေးဇူးတော်ထားသောကြောင့်ဖြစ်သည်ဟု ပြောချင်ကြပါသည်။ လူအချို့ကဆိုလျှင်၊ ထိုအားလုံးသောကျေးဇူးတော်အားဖြင့် ဘုရားသခင်သည် လူတို့ကို ကယ်တင်ခြင်းအဆင့်သို့မရောက်စေသော်လည်း၊ လူတို့၏နှလုံးသားများ၊ စိတ်များ၊ အလိုဆန္ဒများထဲတွင် အကျိုးအာနိသင်တမျိုးကို ရောက်စေလျက်၊ လုံးလုံးလျားလျားပျက်ဆီးခြင်းအပြစ်မှ လွတ်စေပြီး၊ ဧဝံဂေလိတရားကို ထိုသူတို့ထံဟောသောအခါ ထိုသူတို့က လိုချင်လျှင် လက်ခံ၊ မလိုချင်လျှင် ငြင်းပယ်နိုင်သော အခြေအနေသို့ ပို့ပါသည်ဟုပင် ပြောကြပါသည်။

သို့သော် ထိုသို့ပြောခြင်းသည် မမှန်ပါ၊ မည်သည့်နေရာတွင်မှ အပြစ်မှထိန်းချုပ်ခြင်းသည် ကျေးဇူးတော်ကြောင့်ဟု ပြောမထားပါ။ အပြစ်ကို မည်ကဲ့သို့ ထိန်းချုပ်သနည်း? အဘယ်ကြောင့်ထိန်း ချုပ်ရသနည်း?ဆိုသည့်မေးခွန်းများကို ထပ်မေးရပါမည်။

ထိုအပြစ်မှထိန်းချုပ်ခြင်းကို ဘုရားသခင်၏တန်ခိုးတော်အားဖြင့်သာ ဖြစ်စေပါသည်ဟု ကျမ်းစာက ရှင်းစွာသင်ပေးပါသည်။ ဝိညာဉ်တော်၏ကျေးဇူးတော်ဖြင့် လုပ်ဆောင်ပေးခြင်းမဟုတ်ပါ။ ထိုသို့ထိန်းချုပ်ခြင်းသည် ခွေးဆိုးကြီးတကောင်၏ ပါးစပ်ကို ချုပ်ကြိုးများဖြင့် ချည်နှောင်ထားခြင်းနှင့်တူပါသည်။ ထိုသို့ဖြင့် ထိုခွေးသည် အခြားသူများကို မကိုက်နိုင်တော့ပါ။ သို့သော် ထိုခွေးကြီး၏ရန်လိုခြင်းကိုတော့ ဘာမှပြောင်းမပစ်ပါ။ ထိုသို့ ဘုရားသခင်သည် နည်းလမ်းမျိုးစုံကိုသုံးလျက်၊ အထူးသဖြင့် နောက်ဆက်တွဲရလဒ်များကို ကြောက်ရွံ့စေခြင်းဖြင့်၊ လူတို့၏ဆိုးညစ်ခြင်းများကို၊ ၎င်းတို့၏စိတ်သဘောအား ပြောင်းစေခြင်းမရှိဘဲ၊ ထိန်းချုပ်တော်မူပါသည်။ ထိုသို့ ကျေးဇူးတော်မပါဘဲအစိုးရတော်မူစွာ အပြစ်ဒုစရိုက်အား ထိန်းချုပ်ခြင်းကို ဟောရှာယ ၃၇း၂၉တွင် တွေ့ရပါသည်၊ ဘုရားသခင်က အာဆီးရီး ယန်းဘုရင်ကို ဤသို့ပြောပါသည်၊ "ငါ၌ သင်၏အမျက်ဟုန်းခြင်း၊ စော်ကားခြင်းကို ငါကြားရသောကြောင့်၊ သင့်ကို နှာရှုတ်တပ်၍ ဇက်ခွံ့ပြီးမှ၊ သင်လာသောလမ်းဖြင့် ငါပြန်စေမည်။" ကျေးဇူးတော်အကြောင်း တလုံးမှ မတွေ့ရ။

ထိုဟောရှာယကျမ်းပိုဒ်၌ပင် ဘာကြောင့် ထိန်းချုပ်ရခြင်းကိုလည်း ရှင်းပြပါသည်။ ထိန်းချုပ်ရခြင်း၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏လူတို့ကို ဤကမ္ဘာပေါ်တွင် ကာကွယ်ဖို့ စောင့်ရှောက်ထိန်းသိမ်းပေးဖို့ ဖြစ်ပါသည်။

ဘုရားသခင်၏ အားလုံးအပေါ် စောင်မတော်မူခြင်းသည် အားလုံးနှင့်ဆိုင်သောကျေးဇူးတော် မဟုတ်ပါ။ ကျေးဇူးတော်ဆိုသည်မှာ ဘုရားသခင်က သူ့လူများကို ကယ်တင်သော တန်ခိုးတော်ဖြစ်ပါသည် (ဧဖက် ၂း၈-၁၀)။ ထို အံ့ဩစရာကောင်းသော၊ မြတ်နိုးစရာကောင်းသော၊ ကယ်တင်သော ကျေးဇူးတော်မှလွဲ၍ အခြားကျေးဇူးတော် မရှိပါ။ ထို့အတွက် ဘုရားသခင်ကို ချီးမွမ်းရပါမည်။

## လူကိုဖန်ဆင်းခြင်း(The Creation of Man)

လူကို ဘုရားသခင်က ဖန်ဆင်းသည်ဟု ကျွန်တော်တို့ ယုံကြည်ကြပါသည်။ လူသည် ဆင့်ကဲဖြစ်ပေါ်လာခြင်း မဟုတ်ပါ။ အမှန်ပြောရလျှင် သူ့ကို ဖန်ဆင်းခြင်းသည်၊ အစအဦး ဘုရားသခင်ဖန်ဆင်းသမျှထဲတွင် အထွဋ်အထိပ်ဖြစ်ပါသည်။ ဘုရားသခင်၏ကြီးမြတ်ခြင်းကို ဩဇာကြီးစွာ သက်သေခံနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏ကမ္ဘာထဲတွင် လူသည် ပြိုင်ဖက်ကင်းသောနေရာကိုရကြောင်း ပြောပြနေခြင်းဖြစ်ပါသည်။

ကျမ်းစာက လူ၏ပြိုင်ဖက်ကင်းသောအခြေအနေကို ခြားနားသောပုံစံမျိုးစုံဖြင့် ပြောပြပါသည်၊-

= လူကို မဖန်ဆင်းခင် ဘုရားသခင်သည် သူ့ကိုယ်သူ စကားပြောသည်၊ အခြားအရာများကို ဖန်ဆင်းချိန်တွင် ထိုသို့မပြု (ကမ္ဘာ ၁း၂၆)။

= လူကို ဘုရားသခင်က သူ၏ပုံသဏ္ဍာန်အတိုင်း ဖန်ဆင်းသည် (ကမ္ဘာ ၁း၂၆-၂၇)။

= လူကို ဘုရားသခင်က မိမိ၏နှစ်ထပ်ကွမ်းလုပ်ဆောင်မှုဖြင့် ဖန်ဆင်းတော်မူသည် (ကမ္ဘာ ၂း၇)၊ အခြားသောသတ္တဝါများဖြစ်သည့် သားကောင်များ၊ ငှက်များ၊ ငါးများကိုမူ ဖြစ်လာရန် ခေါ်ထုတ်လိုက်ခြင်းသာပြုသည်။ လူကိုမူ ထိုသို့ ခေါ်ထုတ်ယုံဖြင့် မဖန်ဆင်းပါ။ သေချာစွာ ဖန်ဆင်းတော်မူသည်။

= လူကို ဘုရားသခင်က သူနှင့်အတူ မိတ်ဆွေများကဲ့သို့နေရန် ဖန်ဆင်းသည် (ကမ္ဘာ ၂း၁၅-၁၇)။

= ဘုရားသခင်က လူနေရာ စပယ်ရှယ်အိမ်ကို လုပ်ပေးသည် (ကမ္ဘာ ၂း၈)။

= လူကို ဖန်ဆင်းပြီးသည့်အခါ၊ သူ့ထံ တိုက်ရိုက်စကားပြောတော်မူသည် (ကမ္ဘာ ၁း၂၈)။

= ဘုရားသခင်က လူကို အခြားဖန်ဆင်းခံအားလုံးကို အုပ်ချုပ်စေသည် (ကမ္ဘာ ၁း၂၈)။

ကျမ်းစာမှပြောပြသော လူကိုဖန်ဆင်းခြင်းအကြောင်းနှင့် ဆင့်ကဲဖြစ်ပေါ်မှုသီအိုရီတို့သည် အခြေခံမှပင်ခြားနားပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒက လူသည် အဟိတ်တိရိစ္ဆာန်တို့နှင့် အဆင့်အရသာကွခြားသည်၊ သဘာဝအားဖြင့်၄င်း၊ အမျိုးအနွယ်အားဖြင့်၄င်း တိရိစ္ဆာန်တို့နှင့် ဘာမှမခြားဟု ထင်ပါသည်။ ထို့ကြောင့် ထိုဝါဒအရ လူတွင် ဘုရားကိုသိနိုင်ခြင်းအစွမ်း၊ သူနှင့်အတူ မိတ်ဆွေများကဲ့သို့နေနိုင်ခြင်းအစွမ်းတို့ မရှိပါဟု ယူရမည်ဖြစ်သည်။ လူနှင့်သားရဲတိရိစ္ဆာန်တို့အကြား တကဲ့ခြားနားမှုကို မတွေ့ကြသဖြင့်၊ ဆင့်ကဲဖြစ်ပေါ်မှုဝါဒီတို့သည် ထိုနှစ်မျိုးကို အခြားသောရှုထောင့်များ၌လည်း ရှုပ်ထွေးစွာမြင်လာကြပါတော့သည်၊ ထို့ကြောင့် “တိရိစ္ဆာန်အခွင့်အရေး”(ဥပမာ ခွေး မင်္ဂလာ) ဆိုသည့်မျိုး ပြောလာကြသည်၊ လူ့သန္ဓေသားလောင်းများကို ကြိုက်သလိုလုပ်၍ရသည်၊ မလိုချင်လျှင် လွှင့်ပစ်၍လည်းရသည်ဟု တွေးလာကြသည်၊ ယဉ်ကျေးမှု မဖွံ့ဖြိုးသောလူများကို ရှေးဦးလူသားများဟု မြင်လာကြတော့သည်။

မည်သို့ပင်ဖြစ်ပါစေ၊ ပို၍အရေးကြီးသည်မှာ လူသည် အင်မတန်ထူးခြားစွာ ဖန်ဆင်းခံရပါသည်၊ ဖန်ဆင်းစကမ္ဘာကြီးတွင် သူ၏နေရာသည် မြင့်မားလှပါသည်၊ အပြစ်ထဲကျဆုံးသွားခြင်းဖြင့် သူသည် ထိုအခြေအနေများကို အတော်ကလေးဆုံးရှုံးခဲ့ရပါသည် ဆိုသည့်အကြောင်းများဖြစ်သည်။ လူသား ပထမတွင်ရရှိခဲ့သော ဂုဏ်ကျက်သရေကသာ သူ၏မျက်မှောက် ဆင်းရဲဒုက္ခရောက်နေရသောအခြေအနေကို ပြောနိုင်ပါသည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်သူအဖြစ် ဖန်ဆင်းခြင်းခံခဲ့ရသူသည်သာ၊ မျက်မှောက်တွင် စာတန်နှင့် မိတ်သဟာယဖွဲ့၍ နေနိုင်ပါသည်။ မြင့်မားစွာ ဖန်ဆင်းခံရသူသည်သာ နိမ့်ကျစွာ ကျဆုံးနိုင်ပါသည်။ ထာဝရအသက်ကို ရနိုင်သူအဖြစ် ဖန်ဆင်းခြင်းခံရသူသည်သာ အပြစ်အားဖြင့် မိမိကိုယ်ကိုအပေါ်သို့ ထာဝရသေခြင်းကို ရောက်ရှိလာစေနိုင်ပါသည်။

ဆင့်ကဲဖြစ်ပေါ်မှုဝါဒီများက မျက်မှောက်လူသား၏အခြေအနေမှန်ကို မသိနိုင်ပါ။ ထို့ကြောင့် သူတို့သည် မျက်မှောက်လူသား၏ပြဿနာအရပ်ရပ်ကို ပညာရေး၊ လူမှုရေးပြုပြင်မှု၊ နိုင်ငံရေး၊ အခြားသောလူသားတတ်နိုင်သည့် ဖြေရှင်းမှုများဖြင့် ကုစားနိုင်မည်ဟု မျှော်လင့်နေကြပါသည်။ ဆင့်ကဲဖြစ်ပေါ်မှုဝါဒီတဦးက လူသားသည် ပျောက်ဆုံးနေသူဖြစ်ကြောင်း၊ သူ၏အခြေအနေသည် သနားဖွယ်ဖြစ်ကြောင်း၊ သူ၏အနေအထားသည် ကူရာကယ်ရာမဲ့ဖြစ်နေကြောင်း မယုံနိုင်ပါ၊ ယုံလည်းမယုံပါ။ လူသား၏ပြဿနာအရပ်ရပ်ကို ဖြေရှင်းဖို့ ကြိုးစားနသော လောကနှင့်ဆိုင်သည့်၊ ယာယီချိန်နှင့်သာဆိုင်သည့် ဖြေရှင်းမှုများသည် မျှော်လင့်ချက်မဲ့ဖြစ်ကြောင်း မမြင်နိုင်ပါ။ ကျမ်းစာမှနေ၍သာ ကျွန်တော်တို့သည် လူသား၏မူလအစအခြေအနေမှန်ကို၄င်း၊ သူ၏ကြီးမားသောလိုအပ်မှုများကို၄င်း မှန်ကန်စွာ နားလည်နိုင်ကြပါသည်။

လူသားသည် မည်သည့်အခြေအနေ၌ရှိခဲ့သည်၊ အပြစ်ကြောင့် ဘယ်အခြေအနေသို့ရောက်လာသည် တို့ကိုနားလည်လျှင်၊ လူသည် သူ့ဘာသာကြိုးစားမှုဖြင့်တော့ မြင့်မားသောအခြေအနေသို့ ပြန်ရောက် နိုင်တော့မည် မဟုတ်ပါဟု သဘောပေါက်နိုင်ပါမည်။ (သို့) မိမိလိုအပ်ချက်များအတွက် ကုစားစရာလမ်းကိုပင်တွေ့နိုင် မည်မဟုတ်တော့ပါ။ ကျွန်တော်တို့သည် လူသားတို့က တွေးတောကြံဆသည့် အဖြေများကို အားကိုးကြသည်မဟုတ်ပါ၊ သခင်ယေရှုကိုသာ အားကိုးကြပါသည်။ သူသည် တဦးတည်းသာဖြစ်သော လူသား၏ဆင်းရဲဒုက္ခအောက် ရောက်နေခြင်းမှ ကယ်လွှတ်နိုင်သူ ဘုရားသခင်၏ကုထုံးဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၄း၁–၁၀ (ဂျိန်းဘုရင်ကျမ်းမှ)

၁ – ထို့ကြောင့် ကြောက်ရွံ့ကြကုန်အံ့၊ မဟုတ်ပါက သူ၏**အနားယူခြင်း**ထဲသို့ ဝင်ခွင့်ကို ပေးသောကတိတော်သည် ငါတို့ထံ၌ ရှိနေလျှက်နှင့်၊ သင်တို့ထဲမှ အချို့သည် မပြည့်မမီဖြစ်မည် စိုးရပါသည်။
၂ – ငါတို့ထံသို့ ဧဝံဂေလိတရားကို ဟောသကဲ့သို့ သူတို့ထံသို့လည်း ဟောခဲ့ပါသည်၊ သို့သော် ဟောကြားသော နှုတ်ကပတ်တော်သည် သူတို့ကို အကျိုးမပြုပါ၊ ကြားသောအရာကို သူတို့အထဲတွင် ယုံကြည်ခြင်းနှင့် မရောနှော၍ ဖြစ်သည်။
၃ – ယုံကြည်သောငါတို့သည် **အနားယူခြင်း**ထဲသို့ ဝင်ကြရပါသည်၊ သူတို့သည် ငါ၏ **အနားယူခြင်း**ထဲသို့ မဝင်ရကြဟု ငါ၏ အမျက်ဒေါသ၌ ငါကျိန်ဆို၏ဟု ပြောခဲ့သလိုဖြစ်သည်။ သို့သော် အလုပ်များသည် ကမ္ဘာတည်းကပင် ပြီးပြီဖြစ်သည်။

၄ – အဘယ်ကြောင့်ဆိုသော သူက တနေရာတွင် ခုနှစ်ရက်မြောက်နေ့နှင့်ပတ်သက်၍၊ ဘုရားသခင်သည် ခုနှစ်ရက်မြောက်နေ့တွင် သူ၏အလုပ်များအားလုံးမှ အနားယူခဲ့ပါသည်ဟု ပြောခဲ့ပါသည်။
၅ – ထို့အပြင် ဤနေရာတွင်၊ သူတို့သည် ငါ၏အနားယူခြင်းထဲသို့ မဝင်ရဟုဟု နောက်တခါပြောပါသည်။
၆ – ထို့ကြောင့် အချို့တို့သည် ဝင်ခွင့်ရကြသည်၊ သို့သော် ဧဝံဂေလိတရား ပထမဆုံး ဟောခြင်းခံရသူများသည် မဝင်ကြရပါ၊ အဘယ်ကြောင့်ဆိုသော် မယုံကြည်ကြသောကြောင့်ဖြစ်သည်။
၇ – နောက်တဖန်၊ သူသည် နေ့တနေ့ကို သတ်မှတ်၍ ဒါဝိတ်ကို ကြာညောင်းလှသောအချိန်လွန်ပြီးနောက် ယနေ့တွင်ဟု ပြောပြန်ပါသည်၊ ယနေ့တွင် သင်တို့သည် သူ၏အသံကို ကြားလျှင်၊ သင်တို့နှလုံးသားများကို မမာစေကြနှင့်ဟု ပြောခဲ့သကဲ့သို့ဖြစ်သည်။
၈ – အဘယ်ကြောင့်ဆိုသော် ယောရှုက သူတို့ကို အနားယူခြင်း ပေးခဲ့သည်မှန်လျှင်၊ သူသည် နောက်တခါ အခြားသောနေ့တနေ့ကို ပြောတော့မည်မဟုတ်ပါ။
၉ – ထို့ကြောင့် ဘုရားသခင်၏လူတို့အတွက် အနားယူခြင်းတခုသည် ကျန်နေသေးသည်။
၁၀ – အဘယ်ကြောင့်ဆိုသော် သူ၏အနားယူခြင်းထဲသို့ ဝင်ရသူသည်၊ ဘုရားသခင် မိမိ၏အလုပ်များမှ နားသကဲ့သို့ မိမိ၏အလုပ်များမှ အနားရမည်ဖြစ်သည်။